Washington State Department of Social & Health Services

Transforming lives

# တစ်ဦးတည်းထောက်ပံ့သူများအတွက် အချိန်ပိုနှင့် အလုပ်ချိန် ရက်သတ္တပတ် ကန့်သတ်ချက်ဆိုင်ရာ သိ သိကောင်းစရာများ

**အလုပ်ချိန် ရက်သတ္တပတ် တစ်ခု ဆိုသည်မှာ-**

- တနင်္ဂနွေနေ့ 12:00 a.m. (သန်းခေါင်ယံ) အချိန်မှ စနေနေ့ 11:59 p.m. ထိ
- အလုပ်ချိန် ရက်သတ္တပတ် တစ်ခု တွင် လစာထုတ်ချိန်များလည်း ပါဝင်နိုင်ပါသည်။
- အလုပ်ချိန် ရက်သတ္တပတ် တစ်ခု တွင် လ များလည်း ပါဝင်နိုင်ပါသည်။

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday | |
|---|---|---|---|---|---|---|---|
| 15: 6 | July 16: 6 | 17: 6 | 18: 6 | 19: 6 | 20: 5 | 21: 5 | = 40 |
| 22: 5 | 23: 5 | 24: 6 | 25: 6 | 26: 6 | 27: 6 | 28: 6 | = 40 |
| July 29: 5 | 30: 5 | 31: 6 | Aug 1: 6 | 2: 6 | 3: 6 | 4: 6 | = 40 |

THIS WEEK CROSSES 2 PAY PERIODS

THIS WEEK CROSSES 2 MONTHS AND 2 PAY PERIODS

**လူကြီးမင်းအနေဖြင့် အလုပ်ချိန် ရက်သတ္တပတ် ကန့်သတ်ချက်ထက် ပိုသော အလုပ်လုပ်ဆောင်မှုအတွက် သဘောတူ စာချုပ်ဆိုင်ရာ လုပ်ဆောင်ချက်များ လက်ခံရရှိမည်မဟုတ်ပါ-**

- လိုအပ်သော DSHS သင်တန်း
- အတည်ပြုထားသော ခရီးသွား ကာလ
- အုပ်ချုပ်ရေး ကာလ
- ပိတ်ရက် ကာလ (PTO)

**သဘောတူစာချုပ်ဆိုင်ရာ လုပ်ဆောင်ချက်များကို မည်သို့ ရှောင်ရှားနိုင်မည်နည်း။**

- သင်၏ အလုပ်ချိန် အချိန်ဇယားကို အလုပ်ချိန် ရက်သတ္တပတ် မစတင်ခင်ကတည်းက အမြဲတမ်း စီစဉ်ထားရှိပြီး ရေးမှတ်ထားပါ။
- သုံးစွဲသူ၏ လိုအပ်ချက်များ ပြောင်းလဲသွားပြီး သင့်အနေဖြင့် သင်၏ အလုပ်ချိန် ရက်သတ္တပတ် ကန့်သတ်ချက်အား သက်ရောက်မှုဖြစ်စေနိုင်သည့် အခြားသော အချိန်ဇယားတစ်ခုဖြင့် အလုပ်လုပ်ကိုင်ရမည်ဆိုပါက သုံးစွဲသူ၏ အစီအစဉ် မန်နေဂျာထံ ချက်ချင်း ဆက်သွယ်ပါ။
- သင်အလုပ်လုပ်သည့် နေ့၏ အလုပ်ချိန်ကို အချိန်မှတ်စာအုပ်တွင် မှတ်သားထားပါ၊ ပြက္ခဒိန်တွင် မှတ်သားထားခြင်း သည်လည်း အကူအညီဖြစ်စေနိုင်ပါသည်။ သင့်အနေဖြင့် သင်၏ အလုပ်ချိန် ရက်သတ္တပတ် ကန့်သတ်မှုအတွင်း ရှိနေ သည်ကို သေချာစေရန် မကြာခဏ စစ်ဆေးပါ။
- DSHS တွင် လူကြီးမင်းနှင့် လူကြီးမင်း၏ သုံးစွဲသူ အလုပ်ရှင်များအနေဖြင့် ကျွန်ုပ်တို့၏ အလုပ်ချိန် ရက်သတ္တပတ် ကန့် သတ်ချက်များအတွင်း အချိန်ဇယား စီမံခန့်ခွဲခြင်းနှင့်ပတ်သက်ပြီး ပိုမိုလေ့လာနိုင်ရန် ကူညီပေးနိုင်သည့် အရင်းအမြစ်များ ရှိပါသည်။ အဆိုပါအရင်းအမြစ်များကို www.dshs.wa.gov/altsa/IPOT တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

**သဘောတူစာချုပ်ဆိုင်ရာ လုပ်ဆောင်ချက်များအနေဖြင့် ကျွန်ုပ်၏ သဘောတူစာချုပ်ဖိုင်တွင် မည်မျှကြာအောင် ရှိနေမည်နည်း။**

- သဘောတူစာချုပ်၏ လုပ်ဆောင်ချက်တစ်ခုချင်းစီအနေဖြင့် သဘောတူစာချုပ် အသိပေးစာ ထိပ်ပိုင်းရှိ ရက်စွဲမှစပြီး 12 လ ကြာသည်အထိ သင်၏ ဖိုင်အတွင်း ရှိနေမည်ဖြစ်ပါသည်။ 12 လ ပြည့်ပြီးပါက သဘောတူစာချုပ် လုပ်ဆောင် ချက်မှာ ပြီးဆုံးမည်ဖြစ်ပါသည်။

**သဘောတူစာချုပ်လုပ်ဆောင်ချက်များ သို့မဟုတ် လက်ခံရရှိသော အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် လ သည သည် ငွေပေးချေသည့် လ ဖြစ်ပါသည်-**

- အကယ်၍ အကြောင်းကြားစာသည် "ဧပြီလ၏ အလုပ်ချိန် ပေးချေမှုအတွက်" ဟု ဖော်ပြထားပါက အလုပ်ချိန် နာရီများတွင် (မတ်) လ မတိုင်ခင်က လုပ်ဆောင်ထားသော အလုပ်ချိန်များ ပါဝင်နိုင်ပါသည်။
- သင်ပိုမိုတောင်းဆိုထားသည့် လ နှင့်ပတ်သက်ပြီး သိရှိလိုသည်များရှိပါက အစီအစဉ် မန်နေဂျာထံ ဆက်သွယ်ပါ။